Palaung State Liberation Front
တံပ်အခွ့်ရ်ပိုန်လောတ်ကပိုန်တအာင်း

# မြန်မာ့တပ်မတော် တပ်မှူးတပ်သားများအား P.S.L.F/T.N.L.A ၏ ပန်ကြားချက်

၂၀၁၄ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်　　　　ထုတ်ပြန်ချက်အမှတ်။　။ ၀၀၂/၀၅/၄နခ-၂၀၁၄

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး P.S.L.F သည် တအန်းအမျိုးသားလွတ်မြောက်ရေးအတွက် တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် T.N.L.A ကို ပြန်လည် ဖွဲ့စည်းပြီးနောက် မြန်မာ့တပ်မတော်နှင့် တအန်းတပ်မတော်အကြား လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားလာသည်မှာ ၂ နှစ် ကျော်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

ထို ၂ နှစ်ကျော်ကာလတိုအတွင်း တအန်းနှင့်မြန်မာ တပ်မတော်နှစ်ဖက်အကြား ထိတွေ့မှုတိုက်ပွဲ ကြီးငယ် ၂၀၀ ကျော်တွင် နှစ်ဖက်တပ်ဖွဲ့များ ထိခိုက်ကျဆုံးမှုများရှိခဲ့ပါသည်။ မိမိတို့ T.N.L.A ဖက်မှ ၁၁ ဦး ကျဆုံး ကာ ၂၀ ခန့် ထိခိုက်ဒါဏ်ရာရှိခဲ့ပြီး၊ မြန်မာ့တပ်မတော်ဖက်မှ အနဲဆုံး ၃၀၀ ကျော် ကျဆုံးပြီး ၇၀၀ ကျော် ထိခိုက်ဒါဏ်ရာရရှိခဲ့ပါသည်။

မြန်မာ့တပ်မတော် စကခ (၁)၊ စကခ (၁၆) နှင့် ရမခ တိုင်း လက်အောက်ခံ တပ်ရင်းပေါင်း ၃၀ မှ ၅၀ ခန့်သည် မိမိတို့ တအန်းဒေသတွင်း ပုံမှန်လှည့်လည်ဝင်ရောက်လှုပ်ရှားနေခြင်းကြောင့် တိုက်ပွဲများဖြစ်ပွားနေခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇန္နဝါရီ လ ၁၂ ရက်ထိ တပ်ရင်းပေါင်း ၁၁ ရင်းထိတိုးချဲ့လှုပ်ရှားနေသော တအန်းတပ်မတော်၏ ပျောက်ကျားတပ်စခန်းများကို မြန်မာ့တပ်မတော်မှ အကြိမ်ကြိမ်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော်လည်း မည့်သည့်တပ်စခန်းကိုမျှအောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်ထိန်းချုပ်နိုင်ခြင်းမရှိပေ။

နယ်မြေကျွမ်းကျင်မှုမရှိခြင်း၊ လူထုထောက်ခံမှုမရှိခြင်းနှင့် အထက်စစ်ခေါင်းဆောင်များ၏ တဖက်သတ်အမိန့်ကို မလွန်ဆန်နိုင်ခြင်း တို့ကြောင့် အောက်ခြေရှိမြန်မာ့တပ်မတော် တပ်မှူးတပ်သားများ မလိုအပ်ပဲ ထိခိုက်ကျဆုံးပြီး၊ စစ်အသုံးစရိတ်များမြှင့်တက်ကာ နိုင်ငံတော်ဘဏ္ဍာငွေများဖြုန်းတီးခဲ့ကြရသည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေး ခန်းမတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ဒီမိုကရေစီတို့ ငြိမ်းချမ်းရေးတို့ ဆိုတာက အာဏာခွဲဝေဖို့ အတွက် မဟုတ်ပါဘူး။ စစ်မှန်တဲ့ ဒီမိုကရေစီ လမ်းကြောင်းပေါ် တိုင်းပြည် တည်တည်ငြိမ်ငြိမ် အေးအေး ချမ်းချမ်းနဲ့ တိုးတက်စေဖို့အတွက် ငြိမ်းချမ်းရေးယူတာ ဖြစ်ပါတယ်။ ကြောက်လို့လည်း မဟုတ်ဘူး။ ဘယ် သောင်းကျန်းသူကိုမှ မတိုက်နိုင်စရာ အကြောင်းလည်း မရှိပါဘူး။ မတိုက်ရဲစရာ အကြောင်းလည်း မရှိပါဘူး" ဟု ပြောဆိုလိုက်ပြန်သည်။

မြန်မာ့တပ်မတော် စစ်ဦးစီးချုပ်၏ ထိုနှုတ်ထွက်စကားသည် မြန်မာပြည်ငြိမ်းချမ်းရေးရရှိရန်အတွက် ပိုမို ဝေဝါးစေပြီး ပြည်တွင်းစစ်မီးများ ပိုမိုတောက်လောင်စေရေးကိုသာဦးတည်နေပါသည်။ လက်တွေ့တွင် အမှန်တကယ် ပြည်တွင်းစစ်ဘေးဒဏ်ကိုတိုက်ရိုက်ခံစားနေရသူများမှာ ရှေ့တန်းရောက် မြန်မာ့တပ်မတော် တပ်မှူး တပ်သားများ၊ ဒေသခံ မိဘပြည်သူများနှင့် သန်း ခြောက်ဆယ်ကျော် တိုင်းရင်းသားပြည်သူလူထု တရပ်လုံးပင် ဖြစ်သည်။

လက်ရှိ မြန်မာ့တပ်မတော်ခေါင်းဆောင်များ၏ ပြည်တွင်းစစ်အပေါ်သဘောထားနှင့် ဆောင်ရွက်ချက်များမှာ စစ်ခေါင်းဆောင်ကြီးများနှင့်မိသားစုအသိုင်းအဝိုင်းများ တိုက်တာစည်းစိမ်များအကြား အာဏာယစ်မူးနေနိုင်ရန်အတွက် အောက်ခြေရှိ မြန်မာ့တပ်မတော် တပ်မှူးတပ်သားများအား တိုင်းရင်းသားများ၏ တောတောင်နယ်မြေများသို့ သေကျေပျက်ဆီးစေရန် သေတွင်းသို့ပို့ပေးနေခြင်းသာဖြစ်သည်။

မိမိတို့ တအန်းတပ်မတော်သားများမှာလည်း မိမိတို့၏ လူမျိုး၊ တောတောင်နယ်မြေ၊ သဘာဝသယံဇာတကို ကိုယ်ကျိုးစွန့်အသက်ပေးကာကွယ်သွားကြမည်သာဖြစ်ပြီး၊ မြန်မာလူမျိုး၊ မြန်မာ့တပ်မတော်အပေါ် တဘက်သတ်မုန်းတီးစိတ်များ လုံးဝထားရှိမည်မဟုတ်ပေ။

မိမိတို့၏ လူမျိုး၊ နယ်မြေ၊ သဘာဝသယံဇာတများကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်သည့် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးအတွက် အပြန်အလှန်အသိအမှတ်ပြုနိုင်သည့် နိုင်ငံရေးသဘောတူညီချက်များ အကျေအလည်ဆွေးနွေးရယူတည်ဆောက်နိုင်ပါက ငြိမ်းချမ်းသောပြည်ထောင်စုမြန်မာနိုင်ငံတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်အတွင်း တအန်းတပ်မတော်နှင့် မြန်မာ့တပ်မတော် အကြား သွေးထွက်သံယိုဖြစ်မည့် နစ်ဖက်လက်နက်ကိုင်ပြဿနာများ ချုပ်ငြိမ်းသွားနိုင်ရန် မျှော်မှန်းထားပါသည်။

ထိုကဲ့သို့ဖြစ်နိုင်ရန်အတွက်လည်း မိမိတို့ T.N.L.A တအန်းတပ်မတော်၏နိုင်ငံရေးဦးဆောင်ဖြစ်သည့် P.S.L.F ကိုယ်စားလှယ်များနှင့် လက်ရှိ မြန်မာအစိုးရကိုယ်စားလှယ်များ ဆက်လက်တွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းညှိနှိုင်းနေပါသည်။ ဆွေးနွေးညှိနှိုင်းမှုများ တဆင့်ချင်းအောင်မြင်မှုရရှိလာပါက တအန်းတပ်မတော်နှင့် မြန်မာတပ်မတော် အချင်းချင်းလက်ဆွဲနှုတ်ဆက်ကာ ပြည်ထောင်စုမြန်မာနိုင်ငံကြီး ရေရှည်တည်တံ့ ငြိမ်းချမ်းသာယာရေးအတွက် ဆက်လက် ဆွေးနွေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထိုကြောင့် တအန်းဒေသအတွင်း T.N.L.A ပျောက်ကျားတပ်များ အခြေချလှုပ်ရှားနိုင်ခြင်းမရှိစေရန် အမိန့်များပေးပြီး အပြင်းအထန်ထိုးစစ်ဆင်နေခြင်းသည် မြန်မာ့တပ်မတော်သားများ တအန်းဒေသတွင်သွားရောက်ပြီး သေကြေပျက်ဆီးစေရန်နှင့် ကျန်ရစ်သူတပ်မိသားစုများဒုက္ခနွံအိုင်တွင် နစ်မွန်းစေရန် ညွှန်ကြားဆောင်ရွက်နေခြင်းသာဖြစ်သည်။ မြန်မာ့တပ်မတော် ခေါင်းဆောင်ကြီးများ၏ ထိုမှားယွင်းသော ဆောင်ရွက်ချက်များကို လိုက်နာရန် သင့်/မသင့် လေးနက်သေချာစွာ စဉ်းစားသုံးသပ်ဆောင်ရွက်ကြပါရန် မြန်မာ့တပ်မတော် တပ်မှူးတပ်သားများအားလုံးကို P.S.L.F/T.N.L.A တအန်း တပ်မတော်မှ လေးစားစွာ ပန်ကြားနိုးဆော်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**P.S.L.F/T.N.L.A**

**တအာင်းပြည်**